ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၁၀/၂၀၂၆)

ဒေါ်နေနိုသူ (အလုပ်သမား)
Senior Cluster Sale Manager ၊ Eden Hotel &
Resorts ၊ Hilton Yangon Sale Office
အခန်း(၂၂)၊ တိုက် (၁၆)၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၆၉၇၅၄၂၇၅၂ — တောင်းဆိုသူ

နှင့်

ဦးသန်းထွဋ် (အလုပ်ရှင်)၊ မန်နေဂျင်းဒါရိုက်တာ၊
Eden Hotel & Resorts Co.,Ltd
ဒေါ်သင်းအိအိဖြူး၊ ဒုတိယအထွေထွေမန်နေဂျာ
(အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၃၁၁/ခ)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ။ ၀၉-၂၅၃၃၇၅၅၃၂ — တောင်းဆိုခြင်းခံရသူ

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အမှတ်(၄၃/၄၄)ရှိ ဦးသန်းထွဋ် (အလုပ်ရှင်) ပိုင်ဆိုင်သော Eden Hotel & Resorts Co.,Ltd နှင့် ဒေါ်နေနိုသူ (အလုပ်သမား) တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို အလုံမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

CamScanner

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

ကောက်ချက်။ ဒေါ်နေနိုသူ(အလုပ်သမား)အား အလုပ်ရပ်စဲမှုနစ်နာကြေး၊ နို့တစ်ကြေးနှင့် အလုပ်လုပ်ကိုင်ခဲ့ကြောင်း ထောက်ခံချက်တို့ကို အလုပ်ရှင်က ပေးရန်သင့်/မသင့်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အမှတ် (၄၃/၄၄) ရှိ ဦးသန်းထွဋ် (အလုပ်ရှင်) ပိုင်ဆိုင်သော Eden Hotel & Resorts Co.,Ltd နှင့် ဒေါ်နေနိုသူ (အလုပ်သမား) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို အလုံမြို့နယ်ညှိနှိုင်းဗျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဗျန်ဖြေရေးအဖွဲ့က (၃) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

စစ်ဆေးတွေ့ရှိချက်

၄။ အလုပ်သမားဒေါ်နေနိုသူမှ ထွက်ဆိုတင်ပြရာတွင် ဒေါ်နေနိုသူသည် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အမှတ်(၄၃/၄၄)ရှိ Hilton Hotel Yangon Sale Office တွင် Cluster Sale Manager အဖြစ် ၁၆-၇-၂၀၁၈ ရက်နေ့မှစ၍ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လုပ်သက်အားဖြင့် (၈) နှစ်ကျော်ရှိပါကြောင်း၊ အခြေခံလစာ ၁၃ သိန်း၊ Service ကြေး၊ စရိတ်၊ စုစုပေါင်း၊ ၁၆ သိန်းခန့်ရရှိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် Senior Cluster Sale Manager ရာထူးသို့ တိုးမြှင့်ရရှိခဲ့ပြီး အခြေခံလစာ ၁၆ သိန်း ထိရရှိခဲ့ပါကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုဖြင့် အရေးယူခံရခြင်း မရှိခဲ့ပါကြောင်း၊ Hilton Hotel တွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မိမိ၏ အသက်မွေးကြောင်းဆိုင်ရာ အထောက်အကြံနှင့် ဗဟုသုတများရရှိရန် ရည်ရွယ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၈-၃-၂၀၂၃ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် နေပြည်တော်ရှိ Hilton Hotel ၉၅ ရာခိုင်နှုန်းပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သဖြင့် လုပ်ငန်းလည်ပတ်ရန် အခက်အခဲရှိသည့်အတွက် ဟိုတယ်မှ ၁-၄-၂၀၂၃ ရက်နေ့မှ ၃၀-၉-၂၀၂၃ ရက်နေ့အထိ Unpaid Leave (လစာမဲ့ခွင့်) အဖြစ် သတ်မှတ်ပေးခဲ့

CamScanner

သော်လည်း ရန်ကုန်ရုံးရှိ လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ၂-၁၀-၂၀၂၆ ရက်နေ့တွင် ဟိုတယ်ဝန်ထမ်းရေးရာဌာနမှ အလုံမြို့နယ်ရှိ Hilton Hotel Yangon Sale Office ကို ယာယီပိတ်သိမ်းထားသဖြင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်ရန်နှင့် CV Form အား ပြန်လည်ပေးပို့ရန် အကြောင်းကြားခဲ့ပါကြောင်း၊ နေပြည်တော်သို့ သွားရောက်တာဝန်ထမ်းဆောင်ရန် မိသားစုအခက်အခဲရှိပါကြောင်း၊ Eden Hotel & Resorts Co.,Ltd တာဝန်ရှိသူများက နေပြည်တော်သို့ သွားရောက်လုပ်ကိုင်နိုင်ခြင်းမရှိပါက ဗဟန်းမြို့နယ်ရှိ Eden Hotel & Resorts တွင် အလုပ်ခန့်ထားမည်ဟု ညှိနှိုင်းပေးခဲ့သော်လည်း ကုမ္ပဏီဘက်မှ တိကျသေချာသော လုပ်ငန်းဖော်ပြချက် ပါဝင်သည့် ညွှန်ကြားချက်ထုတ်ပေးခဲ့ခြင်းမရှိပါကြောင်း၊ အလုပ်စတင်ထမ်းဆောင်ကတည်းက အလုပ်ရှင်အနေဖြင့် ရန်ကုန်တွင် ခန့်ထားဆောင်ရွက်ခဲ့ပြီး ရန်ကုန်ရုံးကိစ္စများကိုသာ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ၂၃-၇-၂၀၂၆ ရက်နေ့တွင် နေပြည်တော်ရှိ Hilton Hotel ကို Hilton International စနစ်မှ ဖျက်သိမ်း၍ ပြန်လည်ထွက်ခွာသွားသည်ကို သိရှိခဲ့ပါကြောင်း၊ Hilton Hotel တရားဝင်ဖျက်သိမ်းသွားသဖြင့် အလုပ်သမားဥပဒေနှင့်အညီ ခံစားခွင့်များ ရရှိလိုပါကြောင်း၊ ရန်ကုန်မြို့ရှိ Hilton Hotel Yangon Sale Office တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အထောက်အထားအဖြစ် Performance Review Form (PRD)၊ Pay slip တို့တွင် ဖော်ပြပါရှိပါကြောင်း၊ Eden Hotel & Resorts Co.,Ltd Pay Slip တွင် Unpaid Leave အဖြစ် သတ်မှတ်ထားသော်လည်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ရမှုများအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ Hilton Hotel ၏ Hilton Yangon Sale Office တွင် တာဝန်ထမ်းဆောင်ရန် ခန့်ထားခြင်းဖြစ်၍ Hilton Hotel ဖျက်သိမ်းခြင်း၊ ရုတ်သိမ်းခြင်း ပြုလုပ်သွားခြင်းအပေါ် ဥပဒေပါခံစားခွင့်များ ရရှိလိုပါကြောင်း၊ နှစ်ဦးသဘောတူအလုပ်ရပ်စဲခြင်း၊ လုပ်သက်အလိုက် နှစ်နာကြေး၊ Unpaid Leave သက်မှတ်ခဲ့သည့် နေ့ရက်များအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့် အလုပ်လုပ်ကိုင်ခဲ့မှုထောက်ခံချက်တို့ကို ရရှိလိုပါကြောင်းနှင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်တွင် ပါဝင်သည့် အလုပ်တည်နေရာအား မသိရှိပါကြောင်း ထွက်ဆိုခဲ့ပါသည်။

၅။ အလုပ်ရှင်ကိုယ်စား ဒေါ်သင်းအိအိဖြိုးမှ ထွက်ဆိုရာတွင် Eden Hotels & Resorts လက်အောက်ရှိ Hilton Hotel သည် ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး အလုပ်ရှင်မှာ ဦးသန်းထွဋ် ဖြစ်ပါကြောင်း ၊ တောင်းဆိုသူအလုပ်သမား ဒေါ်နေဇီသူနှင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်ချုပ်ဆိုထားသော်လည်း လက်ရှိအချိန်တွင် စာချုပ်သက်တမ်းကုန်ဆုံးနေပါ

CamScanner

ကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်၏ ကုမ္ပဏီအမည်မှာ On behalf of Eden Hotels & Resorts ဟု ရေးသားထားပြီး အလုပ်အကိုင်တည်နေရာတွင် နေပြည်တော်ဟု ဖော်ပြထားသည်ကို အလုပ်သမားကိုယ်တိုင်သိရှိပြီး စာချုပ်တွင် လက်မှတ်ရေးထိုးထားပါကြောင်း၊ တောင်းဆိုသူ အလုပ်သမားသည် ၁၆-၇-၂၀၁၈ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာမှာ ၁၃ သိန်းဖြစ်ပါကြောင်း၊ Senior Cluster Sales Manager ရာထူးတွင် လစာ ၁၆ သိန်း ရရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ကိုဗစ်-၁၉ ဖြစ်ပွားသည့်ကာလမှစ၍ Work From Home အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၈-၃-၂၀၂၅ ရက်နေ့တွင် နေပြည်တော်၌ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည့်အတွက် အလုပ်သမားအား လုပ်သက်ခွင့်နှင့် Day Off တို့အတွက် ၁-၄-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အထိ ရက်ပေါင်း ၃၀ ကို လုပ်ခလစာ ပေးချေထားပါကြောင်း၊ ၁-၅-၂၀၂၅ ရက်နေ့မှစ၍ ဒေါ်နေနိုသူအနေဖြင့် လစာမဲ့ခွင့်အတွက် တရားဝင် Leave Form ဖြင့် တင်ပြတောင်းခံခြင်းတို့လည်း မရှိခဲ့သလို အလုပ်ရှင်ဘက်မှလည်း ခွင့်ခံစားခွင့်ပြုခဲ့ခြင်း မရှိပါကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း Hotel Operation ပြန်လည်ဆောင်ရွက်နေချိန်တွင် ရုန်ကုန်ရုံးအား ခေတ္တယာယီပိတ်သိမ်းထားခြင်းကြောင့် အမှန်တကယ်လိုအပ်ချက်ရှိနေသည့် နေပြည်တော်လုပ်ငန်းခွင်သို့ ၂၆-၄-၂၀၂၅ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်နိုင်ရန် ဦးသီဟဝင်းဌေး (Cluster Human Resources Manager) မှ ၂၃-၄-၂၀၂၅ ရက်နေ့၊ နေ့လယ် (၁၆:၂၆) နာရီအချိန်တွင် email ပေးပို့၍ (၂) ရက် ကြိုတင်အကြောင်းကြားခဲ့ရာ အလုပ်သမား ဒေါ်နေနိုသူမှ အချိန် ၂ ပတ်လိုအပ်ကြောင်း ပြောကြားခဲ့သဖြင့် ဦးသီဟဝင်းဌေးမှ အချိန် (၄) ပတ်ပေးခဲ့ပြီး ၂၅-၅-၂၀၂၅ ရက်နေ့ထက် နောက်မကျစေဘဲ နေပြည်တော်လုပ်ငန်းခွင်သို့ လာရောက်၍ တာဝန်ထမ်းဆောင်ရန် ၂၄-၄-၂၀၂၅ ရက်နေ့၊ (၁၇:၂၀) နာရီအချိန်တွင် email ထပ်မံပေးပို့ခဲ့စဉ်ကလည်း အလုပ်သမားအနေဖြင့် ငြင်းဆန်မှုတစ်စုံတစ်ရာ မရှိခဲ့ပါကြောင်း၊ ၁-၁၀-၂၀၂၅ ရက်နေ့တွင် အလုပ်သမား၏သဘောဆန္ဒဖြင့် ယူထားသည့် လစာမဲ့ခွင့်ပြည့်သွားသော်လည်း အလုပ်သမားအနေဖြင့် တာဝန်ရှိသူထံသို့ ဆက်သွယ်မှုများ မရှိခဲ့ပါကြောင်း၊ အလုပ်သမားဘက်မှ ဆက်သွယ်မှုများမရှိသဖြင့် ၁၇-၈-၂၀၂၆ ရက်နေ့တွင် အလုပ်ရှင်ဘက်မှ တာဝန်ရှိသူနှင့် ဒေါ်နေနိုသူတို့အား တွေ့ဆုံညှိနှိုင်းပေးခဲ့ရာ အလုပ်ရှင်ဘက်မှ အလုပ်သမားအနေဖြင့် နေပြည်တော်သို့ သွားရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက ရန်ကုန်မြို့ရှိ ဗဟန်းရုံးတွင် တာဝန်ထမ်းဆောင်ရန် ပြောကြားခဲ့ပါကြောင်း၊ ဒေါ်နေနိုသူသည် Eden Hotels & Resorts ၏ ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်းဖြစ်ပါကြောင်း၊ Eden Hotels & Resorts လက်အောက်ရှိ Hilton သည် Hotel Operations ကို Management လုပ်ခြင်းသာဖြစ်ပြီး Management ပြောင်းလဲခြင်းသည်

CamScanner

အလုပ်ရှင်ပြောင်းလဲခြင်း မဟုတ်ပါကြောင်း၊ Eden Hotels & Resorts သည် လက်ရှိအချိန်အထိ ၎င်း၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်လျက်ရှိပြီး လုပ်ငန်းဖျက်သိမ်းခြင်း၊ ရုတ်သိမ်းခြင်း တို့မရှိသည့်အတွက် အလုပ်သမားတောင်းဆိုသည့် နို့တစ်ကြေးနှင့် နစ်နာကြေးအား ပေးချေနိုင်ခြင်းမရှိပါကြောင်းနှင့် ဒေါ်နေနိုသူအား အလုပ်မှထုတ်ပယ်ထားခြင်းမရှိသည့်အတွက် မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်လည်ခန့်ထားပေးမည်ဖြစ်ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၆။ Eden Hotels & Resorts Co.,Ltd ၏ အလုပ်ရှင်နှင့် ဒေါ်နေနိုသူ(အလုပ်သမား) တို့သည် ၁၆-၇-၂၀၁၈ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်တွင် အလုပ်အကိုင်တည်နေရာအား အမှတ်(JV-၀၀၁၊ တော်ဝင်သီရိလမ်း၊ ဒကွဲဏသီရိမြို့နယ်၊ နေပြည်တော်ဟုလည်းကောင်း၊ အလုပ်ရှင်ကိုယ်စား ဒေါ်တင်တင်သိန်း (Cluster HR Manager) ၏ ၁၂-၆-၂၀၁၈ ရက်နေ့စွဲပါ အလုပ်ခန့်စာတွင် အလုပ်တည်နေရာကို နေပြည်တော်၊ မန္တလေးနှင့် ငပလီဟုလည်းကောင်း ဖော်ပြထားသော်လည်း အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်လုံးက အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်၊ အလုပ်ခန့်စာပါ အလုပ်တည်နေရာများတွင် လုပ်ကိုင်စေခဲ့ခြင်း၊ လုပ်ကိုင်ခဲ့ခြင်းမရှိကြောင်း၊ Eden Hotels & Resorts Co.,Ltd သည် ဒေါ်နေနိုသူ (အလုပ်သမား) နှင့် ချုပ်ဆိုထားသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ကို သက်တမ်းကုန်လွန်သော်လည်း ထပ်မံသက်တမ်းတိုးဆောင်ရွက်ခဲ့မှုမရှိခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Hilton Yangon Sale Office တွင် နှစ်ကာလကြာမြင့်စွာ လုပ်ကိုင်ဆောင်ရွက်စေခဲ့ခြင်း၊ စာချုပ်ပါ အချက်များကို သေချာစွာစိစစ်လက်မှတ်ရေးထိုးခဲ့မှု မရှိခြင်းတို့ကြောင့် လုပ်ငန်းတည်နေရာ အမှန်ကို ရန်ကုန်ဟုထင်မြင်ခဲ့ကြောင်း သုံးသပ်ပါသည်။

၇။ အလုပ်ခန့်စာနှင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်တို့တွင် Hilton Hotel သည် Eden Hotel & Resorts Co.,Ltd ကို ကိုယ်စားပြုထားသဖြင့် Eden Hotel & Resorts Co.,Ltd ၏ စီမံခန့်ခွဲမှုအောက်တွင် တည်ရှိပြီး အလုပ်သမားအား မူလအလုပ်အကိုင်နှင့်ရာထူး၊ မူလလစာအတိုင်း ဝန်ထမ်းတောင်းဆိုသည့် ရန်ကုန်တွင်သာ အလုပ်ပြန်လည်လုပ်ကိုင်ရန် ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး တိကျသေချာသော အလုပ်အကိုင်ဖော်ပြချက်ပါဝင်သည့် ကမ်းလှမ်းမှုဖြစ်ပါက အလုပ်သမားအတွက် တစ်စုံတစ်ရာနစ်နာနိုင်သည့် စီမံခန့်ခွဲမှုမဟုတ်ကြောင်းနှင့် ဒေါ်နေနိုသူတောင်းဆိုသည့် နှစ်ဦးသဘောတူအလုပ်ရပ်စဲခြင်း (Mutual Separation) သည် နှစ်ဦးနှစ်ဖက်သဘောတူညီမှုသာ မှန်ကန်မှု ရှိနိုင်ကြောင်း၊ တစ်ဖက်က အဆိုတင်သွင်းသော်လည်း တခြား

CamScanner

တစ်ဖက်က လက်ခံခြင်းမရှိသည့်အပေါ် ဖိအားပေးဆောင်ရွက်ရမည့်ကိစ္စမဟုတ်ကြောင်း သုံးသပ်ပါသည်။

၈။ ဒေါ်နေနိုသူ(အလုပ်သမား) က Unpaid Leave တင်ပြခဲ့ပြီး အလုပ်ရှင်ဘက်မှ အတိုင်းအတာတစ်ခုထိခွင့်ပြုခဲ့သော်လည်း ကျော်လွန်ပျက်ကွက်မှုများအတွက် မည်သည့်အရေးယူမှုမျှ မပြုလုပ်ခဲ့ခြင်း၊ ဆက်လက်တာဝန်ထမ်းဆောင်ရန် ညှိနှိုင်းခဲ့ခြင်း၊ ဝန်ထမ်းတာဝန်တမ်းဆောင်လိုသည့် ရန်ကုန်မြို့တွင် ဆက်လက်လုပ်ကိုင်ရန် ကမ်းလှမ်းဆောင်ရွက်ခဲ့ခြင်းတို့နှင့် ဒေါ်နေနိုသူ(အလုပ်သမား)အနေဖြင့် Unpaid Leave ခံစားနေသော်လည်း Eden Hotel & Resorts Co.,Ltd ၏ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ခြင်းတို့သည် အလုပ်ရှင် ၊ အလုပ်သမား ဆက်ဆံရေးတည်ရှိနေကြောင်းနှင့် အလုပ်သမားတောင်းဆိုသည့် Unpaid Leave ခံစားနေသည့်ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ရမှုအပေါ် ခံစားခွင့်တောင်းဆိုခြင်းသည် အခွင့်အရေးဆိုင်ရာကိစ္စရပ်များဖြစ်၍ သက်ဆိုင်ရာရုံးတွင်သာ စာရွက်စာတမ်းပြည့်စုံစွာဖြင့် တင်ပြလျှောက်ထားသင့်ကြောင်း သုံးသပ်ပါသည်။

ဆုံးဖြတ်ချက်။ အလုပ်ရှင်က ဒေါ်နေနိုသူ (အလုပ်သမား) အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၃၂/ဒီ)ရှိ Eden Hotel & Resorts Co.,Ltd တွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း မူလရာထူး၊ မူလလစာ၊ မူလလုပ်သက်အတိုင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပြန်လည်ချုပ်ဆို၍ အလုပ်ပြန်လည်ခန့်ထားရန်နှင့် Unpaid Leave ခံစားခဲ့သည့်နေ့ရက်များအတွက် ခံစားခွင့်များအား သက်ဆိုင်ရာမြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တင်ပြဖြေရှင်းဆောင်ရွက်ရန်ဖြစ်သည့်အတွက် ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

CamScanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(မင်းရဲဇော်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရဲဦး)
အဖွဲ့ဝင်

(ဒေါ်ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

(လစ်လပ်)
အဖွဲ့ဝင်

ဒွင့်
(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွန့်)
အဖွဲ့ဝင်

ဒွင့်
(စောတင်)
အဖွဲ့ဝင်

(စိုးလွင်)
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်

CamScanner